ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၀၀ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

( ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၄ ရက် )

## အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရန်အတွက် " **အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ** " ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | စစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | တွဲဖက်စစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဇ) | ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်<br>တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |

(ဈ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဋ) တွဲဖက်စစ်ရေးချုပ် အတွင်းရေးမှူး
စစ်ရေးချုပ်ရုံး

(ဌ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံး

၂။ အရွယ်မရောက်သေးသူကလေးသူငယ်များအား **စစ်မှုထမ်းခြင်းမှ** ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တပ်မတော်စစ်သားစုဆောင်းရေးတပ်များ၊ တပ်ဌာနချုပ်များ၊ လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့များအနေဖြင့် တပ်သားသစ်များ စုဆောင်းရေးဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် အမိန့်/ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိအောင် ကြပ်မတ်စိစစ်ရန်၊

(ခ) သတ်မှတ်ညွှန်ကြားချက်နှင့်အညီ စုဆောင်းရရှိသော တပ်သားသစ်များကို စစ်အခြေခံလေ့ကျင့်ရေးတပ်များ၏ သင်တန်းရွေးချယ်စိစစ်ရေးဘုတ်အဖွဲ့မှ လာရောက်ရွေးချယ်မှုကို ကြပ်မတ်ရန်၊

(ဂ) မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် စစ်မှုထမ်းရန် လာရောက်စာရင်းသွင်းသော လူငယ်များထဲမှ သတ်မှတ်ထားသော အမိန့်၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုမရှိသူများကို လက်ခံစာရင်းသွင်းခြင်းမပြုရန်၊

(ဃ) စနစ်တကျ ရွေးချယ်စိစစ်ပြီးသော တပ်သားသစ်များအား စစ်အခြေခံလေ့ကျင့်ရေးတပ်များ၌ လေ့ကျင့်သင်ကြားနေချိန်တွင်လည်းကောင်း၊ စစ်မှုထမ်းဆောင်နေချိန်တွင်လည်းကောင်း အသက် ၁၈ နှစ် မပြည့်သူများ၊ ဆန္ဒမရှိသူများကို စိစစ်တွေ့ရှိပါက မိဘအုပ်ထိန်းသူထံ ပြန်လည်လွှဲပြောင်းအပ်နှံရေးဆောင်ရွက်ရန်၊

(င) ကော်မတီသည် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော UNICEF၊ UNDP အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီအဖွဲ့များမှ ဌာနေကိုယ်စားလှယ်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုပိုမိုကျယ်ပြန့်လာအောင် ဆောင်ရွက်ရန်၊

(စ) ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကော်မတီ၏ လုပ်ဆောင်နေမှုများအား Media တွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ရန်၊

(ဆ) ကုလသမဂ္ဂအဖွဲ့အစည်းများမှ သတ်မှတ်ထားသော ကလေးသူငယ်များနှင့် သက်ဆိုင်သည့် စံချိန်စံညွှန်းများအား တပ်မတော်စစ်သား စုဆောင်းရေးတပ်နှင့် စစ်အခြေခံလေ့ကျင့်ရေးတပ်များရှိ တာဝန်ရှိသူများမှ သိရှိလိုက်နာနိုင်ရေးအတွက် အခါအားလျော်စွာ ကုလသမဂ္ဂအဖွဲ့အစည်းများဖြင့် ပညာပေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန်၊

(ဇ) တပ်မတော်အတွင်း သတ်မှတ်ချက်နှင့် မကိုက်ညီသော စစ်မှုထမ်းများ မရှိအောင် ဆောင်ရွက်သွားရန်၊

(ဈ) အတင်းအကြပ်ခေါ်ယူစစ်မှုထမ်းဆောင်စေခြင်းမျိုး ပေါ်ပေါက်ပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန်၊

(ည) အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အရွယ်မရောက်သေးသည်ကို သိလျက်နှင့် တပ်သားသစ်အဖြစ်လက်ခံခြင်းကိစ္စ ပေါ်ပေါက်ပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်၊

(ဋ) ကော်မတီ၏ ဆောင်ရွက်ချက်များကို အမြဲမပြတ် မှတ်တမ်းတင်သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ပြီး Policy Development ဖြစ်ရေး ဆောင်ရွက်ရန်၊

(ဌ) ကလေးသူငယ်များ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသော နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နေခြင်းတို့ကို မျက်ခြည်မပြတ်စောင့်ကြည့်၍ လုပ်ဆောင်ချက်များတွင် ချို့ယွင်းအားနည်းချက်များ ရှိလာပါက သက်ဆိုင်ရာသို့အသိပေးပြီး အချိန်မီပြုပြင်သွားစေရန်။

၃။ "မှူ" အရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများ ပေါ်ပေါက်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်ပါသည်။

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃ - ၃ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၈ / ၂၀၂၁ နှင့် ၅ - ၁၁ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄၆ / ၂၀၂၁ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး